## G.B.S Agricultural Services Public Company Limited ၏၂၀၂၅ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့ တွင် ကုန်ဆုံးသည့် (၂၀၂၅-၂၀၂၆) ခုနှစ် ဘဏ္ဍာနှစ်ဝက်အပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်ကိုထုတ်ပြန်ကြေငြာခြင်း

အောက်ဖော်ပြပါ သုံးသပ်ချက်များသည် G.B.S Agricultural Services Public Company Limited ၏ ၂၀၂၅ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ်အတွက် ကုမ္ပဏီ၏ နှစ်ဝက် ဘဏ္ဍာရေးရှင်းတမ်းကိုအခြေခံ၍ သုံးသပ်ထုတ်ပြန်ချက်ဖြစ်သဖြင့် ထိုဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ ယှဉ်တွဲ၍ဖတ်ရှု နိုင်ပါသည်။

ငွေကြေးဖော်ပြချက်အားလုံးကို မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

အနှစ်ချုပ်တင်ပြချက်များ

**ကုမ္ပဏီ၏ ဝင်ငွေရှင်းတမ်း အကျဉ်းချုပ်ဖော်ပြချက်(ကျပ်ထောင်ပေါင်း)**

| | ဧပြီလ၂၀၂၅မှ စက်တင်ဘာလ၂၀၂၅ | ဧပြီလ၂၀၂၄မှ စက်တင်ဘာလ၂၀၂၄ | ပြောင်းလဲမှု% |
|---|---|---|---|
| ဝင်ငွေ | ၆၄,၉၉၅,၉၁၇,၉၀၄ | ၁၉,၀၉၁,၄၁၁,၃၉၆ | ၂၄၀% |
| ရောင်းကုန်တန်ဖိုး | (၆၁,၈၃၀,၀၃၄,၂၃၈) | (၁၈,၄၀၅,၅၇၉,၄၃၃) | ၂၃၆% |
| အကြမ်းအမြတ် | ၃,၁၆၅,၈၈၃,၆၆၆ | ၆၈၅,၈၃၁,၉၆၃ | ၃၆၂% |
| အခြားရငွေ | ၃၇,၂၄၆,၀၉၆ | | |
| အသုံးစရိတ်များ | (၆၅၅,၄၈၀,၇၁၈) | (၂၁၀,၁၈၇,၂၈၃) | ၂၁၂% |
| အခွန်မလျာမီ အသားတင်(အရှုံး)/အမြတ် | ၂,၅၄၇,၆၄၉,၀၄၃ | ၄၇၅,၆၄၄,၆၇၉ | ၄၃၆% |
| ဝင်ငွေခွန် | (၅၆၀,၄၈၂,၇၈၉) | (၁၀၄,၆၄၁,၈၂၉) | ၄၃၆% |
| အခွန်လျာပြီး အသားတင်(အရှုံး)/အမြတ် | ၁,၉၈၇,၁၆၆,၂၅၄ | ၃၇၁,၀၀၂,၈၅၀ | ၄၃၆% |
| အခြားဝင်ငွေအလုံးစုံ | - | - | - |
| ရင်းနှီးမြှုပ်နှံမှုအတွက်ကာလပေါက်ဈေး ညှိနှိုင်းခြင်း | - | - | - |
| စုစုပေါင်းဝင်ငွေအလုံးစုံပါဝင်သော(အရှုံး)/အမြတ် | - | - | - |
| ရှယ်ယာတစ်စုဝင်ငွေ(ကျပ်) | - | - | - |

၂၀၂၅ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်ဝက်တွင် ကုမ္ပဏီ၏ စုစုပေါင်း ဝင်ငွေသည် ကျပ်ငွေ ၆၄.၉၉ ဘီလီယံရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ဝက်၏ ငွေကျပ် ၁၉.၀၉ ဘီလီယံထက် ၂၄၀ % တိုးတက်မှုရှိခဲ့ပါသည်။ ၂၀၂၅ ဘဏ္ဍာနှစ်၏ ရောင်းကုန်တန်ဖိုးသည် ၆၁.၈၃ ဘီလီယံရရှိခဲ့ပြီး ၂၀၂၄ဘဏ္ဍာနှစ်ရောင်းကုန် တန်ဖိုးသည် ၁၈.၄၀ ဘီလီယံနှင့် နှိုင်းယှဉ်ပါက ၂၃၆% တိုး၍ သုံးစွဲခဲ့ကြောင်းတွေ့ရှိရသည်။ ကုမ္ပဏီ၏ ဝင်ငွေတိုးတက် လာခြင်းမှာ အဓိကအားဖြင့် စိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် လယ်ယာသုံးသွင်းကုန် ပစ္စည်းများ၏ ရောင်းအား မြင့်တက်လာခြင်း၊ ဈေးကွက်လိုအပ်ချက် တိုးပွားလာခြင်းနှင့် ရောင်းချရေးမူဝါဒများကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။ ထို့အပြင် အမြတ်အစွန်း ပိုမိုရရှိနိုင်သော ထုတ်ကုန်များအပေါ် အာရုံစိုက်ရောင်းချ နိုင်ခဲ့ခြင်း ၊စိုက်ပျိုးရေးဝန်ဆောင်မှုများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လာနိုင်ခြင်းကြောင့် လုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်စပ်သည့် ကုန်ကျစရိတ်များလည်း တိုးမြင့်လာခဲ့ပါသည်။

ထိုသို့ဝင်ငွေတိုးတက်လာပြီး ရောင်းကုန်တန်ဖိုးကိုလည်း လျှော့ချနိုင်သည့်အတွက် အကြမ်းအမြတ်မှာ ယခင်ဘဏ္ဍာနှစ်ဝက်နှင့် နှိုင်းယှဉ်ပါက အရေးပါသည့် တိုးတက်မှုကိုရရှိခဲ့ပါသည်။ ကုမ္ပဏီ၏ အကြမ်းအမြတ်သည် ကျပ်ငွေ ၃.၁၆ ဘီလီယံအထိ ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ဝက်ရှိ ငွေကျပ် ၀.၆၈ ဘီလီယံနှင့် နှိုင်းယှဉ်ပါက ယခင်ဘဏ္ဍာနှစ်ဝက်ထက် ၃၆၂% တိုးတက်ခဲ့ပါသည်။

၂၀၂၅ ဘဏ္ဍာနှစ်ဝက်အသုံးစရိတ်သည် ၂၀၂၄ ဘဏ္ဍာနှစ်ဝက် အသုံးစရိတ်များကို စိစစ်သုံးစွဲစေခဲ့သဖြင့် ၀.၁% လျှော့ချသုံးစွဲပြီး ဝင်ငွေ၏ ၁% သာသုံးစွဲစေခဲ့သောကြောင့် အသုံးစရိတ်များသည် ကုမ္ပဏီ၏ လုပ်ငန်းအရွယ်အစား တိုးချဲ့လာမှုနှင့်အညီ မြင့်တက်လာခဲ့သော်လည်း စုစုပေါင်းဝင်ငွေတိုးတက်မှုနှင့် နှိုင်းယှဉ်လျှင် ထိန်းချုပ်နိုင်သောအဆင့်တွင် ရှိနေပါသည်။ ထို့ကြောင့် အခွန်မလျှာမီအသားတင်အမြတ်သည် ကျပ်ငွေ ၂.၅၄ ဘီလီယံအထိ ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ဝက်တွင် ၀.၄၇ ဘီလီယံနှင့် နှိုင်းယှဉ်ပါက ၄၃၆% တိုးတက်ခဲ့ပါသည်။ ဝင်ငွေခွန်အနေနှင့် ကျပ်ငွေ ၀.၅၆ ဘီလီယံ ပေးဆောင်ခဲ့ပြီးနောက် အခွန်လျှာပြီးအသားတင်အမြတ်မှာ ကျပ်ငွေ ၁.၉၉ ဘီလီယံ ရရှိခဲ့ပါသည်။ ယင်းရလဒ်သည် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများ အကျိုးရှိစွာ တိုးတက်လာကြောင်း ပြသနေပါသည်။

အနာဂတ်ကာလများတွင် ကုမ္ပဏီအနေဖြင့် စိုက်ပျိုးရေးကဏ္ဍအတွင်း ဈေးကွက်လိုအပ်ချက်များကို အခြေခံ၍ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို ဆက်လက်တိုးချဲ့သွားမည်ဖြစ်ပြီး ကုန်ကျစရိတ်ထိန်းချုပ်မှု၊ အရည်အသွေးမြှင့်တင်မှုနှင့် စီမံခန့်ခွဲမှုထိရောက်မှုများကို ဆက်လက်အလေးထား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ၎င်းကြောင့် လာမည့်ဘဏ္ဍာနှစ်များတွင်လည်း တည်ငြိမ်ပြီး ဆက်လက်တိုးတက်သော လုပ်ငန်း ရလဒ်များကို ရရှိနိုင်မည်ဟု စီမံခန့်ခွဲရေးအဖွဲ့မှ ယုံကြည်ထားပါသည်။

**ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း အကျဉ်းချုပ်ဖော်ပြချက်(ကျပ်ထောင်ပေါင်း)**

| | ဧပြီလ၂၀၂၅မှ စက်တင်ဘာလ၂၀၂၅ | ဧပြီလ၂၀၂၄မှ စက်တင်ဘာလ၂၀၂၄ | ပြောင်းလဲမှု% |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | ၂၉၂,၁၀၉,၆၄၂ | ၂၅,၆၉၃,၃၈၅ | ၁၀၃၇% |
| လက်ငင်းရပိုင်ခွင့်များ | ၄၄,၄၀၃,၉၅၈,၄၁၈ | ၂၁,၉၆၂,၂၃၄,၃၈၉ | ၁၀၂% |
| **စုစုပေါင်းရပိုင်ခွင့်များ** | **၄၄,၆၉၆,၀၆၈,၀၆၁** | **၂၁,၉၈၇,၉၂၇,၇၇၅** | **၁၀၃%** |
| **ရင်းနှီးငွေနှင့်ပေးရန်တာဝန်များ** | | | |
| ရင်းနှီးငွေ | ၃၉,၁၅၇,၀၁၀,၇၃၇ | ၉,၇၀၁,၁၇၀,၃၃၄ | ၃၀၄% |
| လက်ငင်းပေးရန်တာဝန်များ | ၅,၅၃၉,၀၅၇,၃၂၃ | ၁၂,၂၈၆,၇၅၇,၄၄၀ | (၅၅%) |
| **စုစုပေါင်းရင်းနှီးငွေနှင့်ပေးရန်တာဝန်များ** | **၄၄,၆၉၆,၀၆၈,၀၆၁** | **၂၁,၉၈၇,၉၂၇,၇၇၅** | **၁၀၃%** |

ကုမ္ပဏီ၏ လက်ငင်းရပိုင်ခွင့်များသည် ၂၀၂၅ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်ဝက်တွင် ငွေကျပ် ၄၄.၄ ဘီလီယံ အထိရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ဝက်ရှိ ငွေကျပ် ၂၁.၉၆ ဘီလီယံ နှင့်  နှိုင်းယှဉ်ပါက ၁၀၂ % သိသိသာသာ တိုးတက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

လက်ငင်းမဟုတ်သောရပိုင်ခွင့်များသည် ၂၀၂၅ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်ဝက်တွင် ငွေကျပ် ၂၉၂.၁၀ သန်း အထိရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ဝက်ရှိ ငွေကျပ် ၂၅.၆၉ သန်းနှင့် နှိုင်းယှဉ်ပါက ၁၀၃၇%ထိ မြင့်တက်လာခဲ့ပါသည်။ထို့ကြောင့် စုစုပေါင်းရပိုင်ခွင့်များမှာ ယခင်ဘဏ္ဍာရေးနှစ်ဝက်ရှိ ငွေကျပ် ၂၁.၉၉ ဘီလီယံမှ ယခုဘဏ္ဍာရေးနှစ်ဝက်တွင် ငွေကျပ် ၄၄.၆၉ ဘီလီယံအထိ တိုးတက်လာခဲ့ပြီး ၁၀၃ % ခန့် မြင့်တက်လာခဲ့ပါသည်။

အခြားတစ်ဖက်တွင် ရပိုင်ခွင့်များသည် ယခင်ဘဏ္ဍာရေးနှစ်ဝက်တွင် ငွေကျပ် ၉.၇၀ ဘီလီယံရှိခဲ့ပြီး ယခုဘဏ္ဍာ ရေးနှစ်ဝက်တွင် ငွေကျပ် ၃၉.၁၅ ဘီလီယံအထိ တိုးမြင့်လာခဲ့သဖြင့် ၃၀၄% အထိ မြင့်တက်လာကြောင်းတွေ့ရှိရပါသည်။ လက်ငင်းပေးရန်တာဝန်များမှာ ယခင်ဘဏ္ဍာရေးနှစ်ဝက်ရှိ ငွေကျပ် ၁၂.၂၈ ဘီလီယံမှ ယခုဘဏ္ဍာရေးနှစ်ဝက် တွင် ငွေကျပ် ၅.၅၄ ဘီလီယံသို့ လျော့နည်းလာခဲ့ပြီး ၅၅% ခန့် လျော့နည်းကျဆင်းသွားသဖြင့် ငွေကြေးစီမံခန့်ခွဲမှုအား ပိုမိုထိရောက်စွာကိုင်တွယ်ဆောင်ရွက်နိုင်ခဲ့ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

အကျဉ်းချုပ်အားဖြင့် ယခုဘဏ္ဍာရေးနှစ်ဝက်အတွင်း ကုမ္ပဏီ၏ ရပိုင်ခွင့်စုစုပေါင်းမှာ သိသာထင်ရှားစွာတိုးတက်လာခဲ့ပြီး လက်ငင်းပေးရန်တာဝန်များ လျော့နည်းလာခြင်းကြောင့် ကုမ္ပဏီ၏ ငွေကြေးအနေအထားမှာ ယခင်ကာလနှင့်နှိုင်းယှဉ်ပါက ပိုမိုခိုင်မာတည်ငြိမ်လာကြောင်း ဖော်ပြနိုင်ပါသည်။

**သုံးသပ်ချက်နှင့်အလားအလာ**

G.B.S Agricultural Services Public Company Limited၏ ဒါရိုက်တာ အဖွဲ့ဝင်များမှ တင်ပြလိုသည်မှာ ကုမ္ပဏီသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းစိုက်ပျိုးရေးကဏ္ဍ၏ စိန်ခေါ်မှုများ၊ ဈေးကွက်အပြောင်းအလဲများနှင့် ကုန်ကျစရိတ်များ မြင့်တက်လာမှုများကို ကြုံတွေ့ခဲ့ရသော်လည်း လုပ်ငန်းစီမံခန့်ခွဲမှုကို စနစ်တကျ ဆောင်ရွက်နိုင်ခဲ့ပါသည်။ အထူးသဖြင့် စိုက်ပျိုးရေးဝန်ဆောင်မှုများကို အရည်အသွေးမြင့်မားစွာ ပံ့ပိုးပေးနိုင်ရန်နှင့် တောင်သူများ၏ အကျိုးစီးပွားကိုအခြေခံ၍တိုးချဲ့နိုင်ရေးအတွက် အာရုံစိုက်ဆောင်ရွက်ခဲ့ပါသည်။

ထိုကာလအတွင်း ကုမ္ပဏီအနေဖြင့် ငွေကြေးစီးဆင်းမှုကို ကောင်းမွန်စွာထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ထိရောက်မှုများ တိုးတက်လာစေရန် ကုန်ကျစရိတ် ထိန်းချုပ်မှုနှင့် လုပ်ငန်းစဉ်များ တိုးတက်ရေးကို ဆက်လက်အကောင်အထည်ဖော်ခဲ့ပါသည်။ ထို့အပြင် လက်ငင်းရပိုင်ခွင့်များ တိုးတက်လာခြင်းနှင့် လက်ငင်းပေးရန်တာဝန်များ လျော့နည်းလာခြင်းကြောင့် ကုမ္ပဏီ၏ ငွေကြေးအနေ အထားမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ပိုမိုတည်ငြိမ်ခိုင်မာလာခဲ့ပါသည်။

အနာဂတ်ကာလအတွက် ကုမ္ပဏီအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ၏ တိုးတက်မှုအလားအလာ များကို အသုံးချကာ ဝန်ဆောင်မှုအမျိုးအစားများ တိုးချဲ့ခြင်း၊ နည်းပညာအသစ်များကို အသုံးပြု၍ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုအရည်အသွေး မြှင့်တင်ခြင်းတို့ကို ဆက်လက်အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင်စီမံခန့်ခွဲမှုများကို အားကောင်းစွာ ဆောင်ရွက်ကာ ရေရှည်တည်တံ့ခိုင်မာသည့် ဖွံ့ဖြိုးတိုးတက်မှုကို ရည်မှန်း၍မျှော်လင့်ချက်ရှိသော အနာဂတ်အလားအလာကို ဆက်လက်ဖန်တီးသွားမည်ဖြစ်ကြောင်း ဒါရိုက်တာအဖွဲ့မှ ယုံကြည်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ကျော်မြဟန်

Managing Director